Network for Democracy and Development

Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# တစ်ပတ်အတွင်းမြန်မာ့နိုင်ငံရေးသတင်းအကျဉ်းချုပ် (၁၀၈/ ၂၀၁၂)

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့မှ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ (၁၈) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- ပြည်ထောင်စုအစိုးရ အဖွဲ့သစ်အနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် စေ့စပ်ညှိနှိုင်းရေး လုပ်ဆောင်နေကြောင်း၊ ငြိမ်းချမ်းရေးတံခါးကိုလည်း ဖွင့်လှစ်ထားဆဲဖြစ်ကြောင်း သမ္မတ ဦးသိန်းစိန်က (၆၅) နှစ်မြောက် ပြည်ထောင်စုနေ့အတွက် ပြောကြားသည့် မိန့်ခွန်းတွင် ဖော်ပြထားသည်။ (RFA 120212) Read More…
- နိုင်ငံတစ်နိုင်ငံတွင် ကာကွယ်ရေးအားနည်းလျှင် အင်အားကြီးနိုင်ငံများ၏ ကြီးနိုင်ငယ်ညှဉ်း တောရိုင်းဥပဒေနှင့် ရင်ဆိုင်ရမည်ဖြစ်သောကြောင့် စွမ်းရည်ပြည့်ဝသည့် ခေတ်မီ မြန်မာ့မျိုးချစ်တပ်မတော် ထူထောင်ရေးတွင် အားလုံးလက်တွဲပါဝင်ကြရန်လိုအပ်ကြောင်း သမ္မတ ဦးသိန်းစိန်က (၆၅) နှစ်မြောက် ပြည်ထောင်စုနေ့မိန့်ခွန်းတွင် ထည့်သွင်းပြောဆိုလိုက်သည်။ (RFA 130212) Read More…
- လာမည့်ကြားဖြတ်ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတသည့်အပြင် ဒီမိုကရေစီနည်းလမ်းတကျ ဖြစ်စေရပါမည်ဟု ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက မြန်မာနိုင်ငံရောက် ဥရောပသမဂ္ဂ EU ဖွံ့ဖြိုးမှုဆိုင်ရာ ကော်မရှင်နာမင်းကြီး Mrs. Andris Piebalgs နှင့်တွေ့ဆုံစဉ် ကတိပေးပြောကြားလိုက်သည်။ (RFA 130212) Read More…, DVB…
- ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်ကို ကာကွယ်ရေးဦးစီးချုပ်အဖြစ် တစ်နှစ်တာ တာဝန်ထမ်းဆောင်ပြီးနောက် သမ္မတ ဦးသိန်းစိန်က ဖေဖေါ်ဝါရီ ၃ ရက်နေ့ နေ့စွဲဖြင့် နိုင်ငံတော်ပြန်တမ်းထုတ်ပြန်ပြီး ကာကွယ်ရေးဦးစီးချုပ်အဖြစ် အတည်ပြုခန့်အပ်လိုက်သည်။ (DVB 130212) Read More…
- မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍအတွက် မူဝါဒရွေးချယ် သတ်မှတ်ရေးဆိုင်ရာ အမျိုးသားအဆင့်ညီလာခံကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် ဖေဖော်ဂါရီ ၁၃ ရက်နေ့မှ ၁၅ ရက်အထိ ကျင်းပခဲ့ပြီး ယင်းဆွေးနွေးပွဲကို ဒု သမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမျိုးသားလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုစီမံကိန်း အောင်မြင်စေရန်နှင့် ဆောင်ရွက်သင့်သည့် မူဝါဒများချမှတ်နိုင်ရန် ထိရောက်စွာကူညီနိုင်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း ပြောကြားသည်။ (Irrawaddy 160212) Read More…
- လာမည့်သုံးလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီသည့်အဆင့်ကို ရောက်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ မီးရထားဝန်ကြီး ဦးအောင်မင်းက ရိုက်တာသတင်းဌာနကိုပြောကြားလိုက်သည်။ (RFA 150212) Read More…

## ကြံ့ဖွံ့ပါတီ

- ရောဝတီတိုင်း၊ မြောင်းမြမြို့ အမှတ် ၄ ရပ်ကွက်ရှိ မြရွှေဝါခန်းမကြီးတွင် ဖေဖော်ဂါရီ ၁၆ ရက်နေ့က ပြုလုပ်သော ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်က မြောင်းမြမြို့နယ်ရှိ ရပ်ကွက်နှင့်ကျေးရွာအားလုံးတွင် လာမည့်ကြားဖြတ်ရွေးကောက်ပွဲ၌ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP မဲအနိုင်မရပါက အဆိုပါ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများကို ရာထူးမှ အနားယူဖို့ ပြင်ထားရန်ပြောဆိုခဲ့သည် အစည်းအဝေးတက်ရောက်ခဲ့သူ ကျေးရွာစုအုပ်ချုပ်ရေးမှူးတစ်ဦးကပြောသည်။ (Mizzima 170212) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- သံလွင်အရှေ့ပိုင်း ကျိုင်းတုံမြို့ အရှေ့မြောက်ဖက် ၁၀၂ ကီလိုမီတာဝေးသည့် မိုင်းယန်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP အကြီးကဲများက ပါတီဝင်များထံ စုကြေးငွေမထည့်မနေရဟုဆိုကာ ကျပ်ငွေသန်းချီ ကောက်ယူနေသောကြောင့် အခက်များတွေ့နေရသည်ဟု ပါတီဝင်မိသားစုများကပြောသည်။ (S.H.A.N 170212) Read More...

တပ်မတော်

(က) စစ်ဆင်ရေး

- အစိုးရစစ်တပ် စစ်ကွပ်ကဲရေးဌာနချုပ် စကခ (၂၀) မှ နည်းဗျူဟာ (၂) အခြေစိုက်စခန်းဖြစ်သည့် မြိတ်မြို့အရှေ့ဖက်ခြမ်းရှိ ထီးထာစခန်းသို့ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ထားဝယ်မြို့မှ တစ်ဆင့်ရိက္ခာတင်ကားကြီး ၂၀ စီးပို့ဆောင်သကဲ့သို့ ၁၁ ရက်နေ့တွင် လက်နက်ခဲယမ်းတင်ကား ၄ စီးပို့ဆောင်ခဲ့ကြောင်း အစိုးရစစ်တပ်နှင့် နီးစပ်သူတစ်ဦးကပြောသည်။ (KIC 130212) Read More...
- ကချင်ပြည်နယ် ဗိုင်းမော်မြို့ ကန်ဒေါ်ယန်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်အတွင်း လွယ်ကန်ဒေသတို့တွင် အစိုးရတပ်များနှင့် ကချင်လွတ်မြောက်ရေးတပ်မတော် KIA တပ်ဖွဲ့တို့အကြား ဖေဖေါ်ဝါရီ ၁၁ ရက်နေ့က တိုက်ပွဲနှစ်ကြိမ်ဖြစ်ပွားခဲ့သည်။ (BBC 130212) Read More...
- အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး KNU တို့အကြား အပစ်ရပ်ထားသည့်ကာလအတွင်း အစိုးရတပ်များဘက်မှ KNU နယ်မြေများထဲသို့ တပ်အင်အား တိုးချဲ့ချလာမှုနှင့် ဒေသခံများကို ကန့်သတ်မှုများပြုလုပ်နေကြောင်း KNU ဒု-ဥက္ကဋ္ဌ ပဒိုစောဒေးဗစ်သာကပေါကပြောသည်။ (DVB 180212) Read More...

(ခ) လူ့အခွင့်အရေးချိုးဖေါက်မှုများ

- ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တာလောကြီးရွာသား ဦးသိန်းမြင့်ကို ကချင်လွတ်မြောက်ရေးတပ်မတော် KIA က လွန်ခဲ့သည့်နှစ်ကုန်းပိုင်းခန့်က ပေါ်တာထမ်းရန် ခေါ်ဆောင်သွားပြီး ပြန်လည်ရောက်ရှိလာချိန်တွင် နယ်မြေခံအစိုးရတပ် ခမရ ၃၈၆ က သူပုန်နှင့်ဆက်သွယ်မှုဖြင့် ထပ်မံဖမ်းဆီးလိုက်ကြောင်း ဇနီးဖြစ်သူ ဒေါ်ခင်မြင့်ကပြောသည်။ (DVB 160212) Read More...

အခြားနိုင်ငံရေးပါတီများ

- ပြည်ထောင်စုသား၊ တိုင်းရင်းသားအချင်းချင်း ယုံကြည်မှု၊ ရင်းနီးဆက်ဆံမှုအားနည်းလျက်ရှိသောကြောင့် ပြည်ထောင်စုကြီးကို ထိခိုက်နိုင်ကြောင်း ဒီမိုကရေစီမိတ်ဆွေပါတီများမှ ပြုလုပ်သော (၆၅) နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားတွင် သဘာပတိအဖွဲ့ဝင်တစ်ဦးဖြစ်သော ဒီမိုကရက်တစ်ပါတီ (မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေက ပြောကြားလိုက်သည်။ (Myit Makha 130212) Read More...
- စစ်အစိုးရ အဆက်ဆက်က ချင်းပြည်နယ်နေ့အဖြစ်သာ ကျင်းပခွင့်ပြုလေ့ရှိသည့် ဖေဖေါ်ဝါရီ ၂၀ အား ချင်းအမျိုးသားနေ့အဖြစ် တရားဝင်ကျင်းပခွင့်ပြုရန် ထန်တလန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ပူးလာလ်းမောင်းကျုံးက ပြည်နယ်အစိုးရထံ တင်ပြတောင်းဆိုလိုက်သည်။ (Khonumthung 160212) Read More...
- လာမည့်ကြားဖြတ်ရွေးကောက်ပွဲအတွက် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ AMDP က မဲဆွယ်စည်းရုံးရေး စတင်နေပြီဖြစ်ကြောင်း ပါတီ ဥက္ကဋ္ဌ နိုင်ငွေသိန်း (ခေါ်) နိုင်ဂျူနူမွန်ကပြောသည်။ (IMNA 160212) Read More...
- လာမည့်ကြားဖြတ်ရွေးကောက်ပွဲသည် ယခင်ထက် ပိုမိုထူးခြားမှုရှိမည်ဟု ယုံကြည်ကြောင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ကြီးက လွန်ခဲ့သည့် ဖေဖော်ဝါရီ ၁၀ ရက်နေ့က ပြောကြားလိုက်သည်။ (Myanmar Times Vol.28, No.557 17-230212) Read More...
- လွန်ခဲ့သည့် ဇန်နဝါရီလ ၂၀ ရက်နေ့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ နိုင်ငံရေးပါတီထူထောင်ခွင့် မှတ်ပုံတင်လျှောက်ထားသော တိုင်းလျှံ (သျှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ TNDP အား ဖေဖော်ဝါရီ ၁၆ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ပါတီထူထောင်ရာတွင် ပါဝင်သူတစ်ဦးကပြောသည်။ (S.H.A.N 170212) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- ချင်းပြည်နယ်မြောက်ပိုင်း တီးတိန်မြို့ပေါ်တွင် CNF မှ ဆက်ဆံရေး ရုံးဖွင့်လှစ်မည့်အပေါ် တီးတိန် မြို့နယ် ချင်းအမျိုးသားပါတီ ကော်မီတီက ကြိုဆိုထောက်ခံသောကြောင့် စာအမှတ် ၁/၂၀၁၂ (ရက်စွဲ ဇန်နဝါရီ ၃၁ /၂၀၁၂) အရသဘောထားထုတ်ပြန်လိုက်သည်ဟု တီးတိန်မြို့နယ် ချင်းအမျိုးသားပါတီ ဥက္ကဋ္ဌ ဦးကမ်ဖဒါးလ်ကပြောသည်။ (Khonumthung 180212) Read More…
- ကချင်ပြည်နယ် မိုးကောင်းမြို့နယ်ဒေသခံများက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကိုသာ မဲပေးလိုကြသောကြောင့် အခြားနိုင်ငံရေးပါတီများ စည်းရုံးရေးဆင်းရာတွင် အခက်တွေ့နေရကြောင်း ယင်းမဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ (NDF) အမတ်လောင်း ဦးလထော်ဇောဂမ်ကပြောသည်။ (Myit Makha 180212) Read More…

## တသီးပုဂ္ဂလ

- ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရရှိခဲ့သော ဒေါက်တာတူးဂျားက လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် တသီးပုဂ္ဂလ ကိုယ်စားလှယ်အဖြစ် ကချင်ပြည်နယ် မိုးကောင်းမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ရွေးကောက်ပွဲကော်မရှင်မှ မှတ်ပုံတင်ခွင့်ပြုလိုက်သောကြောင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း ဒေါက်တာတူးဂျာကပြောသည်။ (RFA 150212) Read More…, Irrawaddy…
- လယ်သမားများ၏ သီးနှံများဈေးကောင်းရရေးနှင့် ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်နိုင်ရေးကိုရည်ရွယ်၍ မန္တလေးတိုင်း မိတ္ထီလာမြို့နယ်မှ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နေသူ ဒေါ်မြင့်မြင့်အေးက တသီးပုဂ္ဂလကိုယ်စားလှယ်အဖြစ် လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံမည်ဖြစ်ကြောင်း ဒေါ်မြင့်မြင့်အေးက ပြောသည်။ (RFA 160212) Read More…

## လွှတ်တော်

### ပြည်ထောင်စုလွှတ်တော်

- စစ်တပ်၏ အခန်းကဏ္ဍ လွှမ်းမိုးကြီးစိုးနေခြင်းကို လျှော့ချပြီး ပြည်တွင်းစစ်ရပ်စဲ၍ ပြည်ပရန် ကာကွယ်ရေးအတွက်သာ ဦးတည်ရေး၊ ကြည်း၊ ရေ၊ လေ တပ်မတော်သုံးရပ်စလုံးကို တပြေးညီကျစ်လျစ်ခေတ်မီရေးစသည်တို့ကို ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပခဲ့သော ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ကိုယ်စားလှယ်များက တင်ပြဆွေးနွေးခဲ့ကြကြောင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင်ကပြောသည်။ (Irrawaddy 150212) Read More…

### ပြည်သူ့လွှတ်တော်

- ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီသို့ ဒေသအသီးသီးမှ မှန်ကန်ပါလျက် အဂတိလိုက်စားစီရင်ချက်ချမှတ်ခြင်းခံခဲ့ရသော နစ်နာသူများထံမှ အမှုပေါင်း ၃၀၀ ကျော် ရောက်ရှိလာသဖြင့် အချက်အလက် ပြည့်စုံနိုင်လုံသောအမှုများကို ပြန်လည်စိစစ်သွားမည်ဖြစ်ကြောင်း ကော်မတီ ဥက္ကဋ္ဌ သူရဦးအောင်ကိုက ပြောဆိုလိုက်သည်။ (EMG 120212) Read More…
- နိုင်ငံ့ဝန်ထမ်းများကို လစာတိုးပေးရန် အောက်လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ အဆိုကို ဘဏ္ဍာရေးဝန်ကြီး ဦးလှထွန်းက ငြင်းဆိုလိုက်ပြီး ဝေးလံခေါင်သီသည့် ဒေသများမှ ဝန်ထမ်းသုံးသောင်းကျော်ကိုသာ ဒေသတွင်း အသုံးစရိတ်နှုန်းထားများ တိုးမြှင့်ပေးရန် ရှိကြောင်း လသာမြို့နယ်မှ အောက်လွှတ်တော်အမတ် ဦးကြည်မြင့်က ပြောသည်။ (Mizzima 160212) Read More…

## ရွေးကောက်ပွဲကော်မရှင်

- ဧပြီ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ရှင်ပြိုင်မည့် နိုင်ငံရေးပါတီ ၁၇ ပါတီမှ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တို့ ဖေဖော်ဝါရီ ၁၄ ရက်နေ့က နေပြည်တော်တွင် တွေ့ဆုံကြစဉ် နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့ လာရောက်ခွင့် ပြုသင့်ကြောင်း ရှမ်းတိုင်းရင်းသား ဒီမိုကရက်တစ်ပါတီ SNDP တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးစိုင်းမောင်တင်က တင်ပြခဲ့သော်လည်း ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက တစုံတရာဖြေကြားခြင်းမရှိသည်ဟု ဦးစိုင်းမောင်တင်ကပြောသည်။ (Mizzima 140212) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- လာမည့်ကြားဖြတ်ရွေးကောက်ပွဲများတွင် မတရားမှုများ၊ မသမာမှုများကို အချက်အလက် တိတိကျကျ ပြည့်ပြည့်စုံစုံနှင့် တိုင်ကြားလာပါက အရေးယူပေးမည်ဖြစ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက နိုင်ငံရေးပါတီများကို ဖေဖော်ဝါရီ ၁၃ ရက်နေ့က ပြောကြားခဲ့သည်။ (RFA 140212) Read More..., VOA...
- လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် ကြိုတင်မဲများသတ်မှတ်ချိန်အတွင်း မဲရုံသို့ မရောက်ရှိပါက ပယ်မဲများအဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မြို့နယ်အသီးသီး၏ ကော်မရှင်အဖွဲ့များဝင်များနှင့် နိုင်ငံရေးပါတီ ၁၇ ခုတို့မှ သက်ဆိုင်ရာကိုယ်စားလှယ်များကို လွှန်ခဲ့သည့် ဖေဖော်ဝါရီ ၁၄ ရက်နေ့ တွေ့ဆုံမှုတွင် ပြောကြားလိုက်သည်။ (Myit Makha 160212) Read More...

## အမျိုးသားလူ့အခွင့်အရေးကော်မရှင်

- ထိုင်းလူ့အခွင့်အရေးဆောင်ရွက်ချက်များကို လေ့လာရန်၊ အာဆီယံလူ့အခွင့်အရေးကော်မရှင်တွင် အဖွဲ့ဝင်ဖြစ်ရေးတို့ ဆွေးနွေးရန် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဌ ဦးဝင်းမြရနှင့်အဖွဲ့ဝင် ဦးညွှန့်ဆွေတို့က ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် ထိုင်းလူ့အခွင့်အရေးကောက်မရှင်နှင့် သွားရောက်တွေ့ဆုံခဲ့သည်ဟု ဦးဝင်းမြရကပြောသည်။ (BBC 130212) Read More...
- နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့များမှ ဝေဖန်ပြောဆိုနေကြသည့် ကချင်ပြည်နယ်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန် အခြေအနေမပေးသောကြောင့် ယခုအချိန်တွင် စုံစမ်းစစ်ဆေးရန် မဖြစ်နိုင်သေးကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်က ပြောသည်။ (VOA 150212) Read More...

## အတိုက်အခံအင်အားစုများ (ပြည်တွင်း)

### (က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- မကွေးတိုင်း မြိုင်မြို့နယ် ရွာတန်းရှည်ကျေးရွာဘုရားပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ပြုလုပ်မည့် ရန်ပုံငွေစျေးရောင်းပွဲတော်ကို မြို့နယ်အုပ်ချုပ်ရေးမှူးက ရပ်ရွာဘုန်းကြီးမှတဆင့် ပိတ်ပင်လိုက်သည်ဟု မြိုင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ခင်ဝင်းက ပြောသည်။ (DVB 120212) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ကျရောက်သော (၆၅) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ပင်လုံစိတ်ဓါတ် ရှင်သန်ရန် အမှန်တကယ်လိုအပ်နေကြောင်းကို ကြေညာချက်တစ်စောင် ထုတ်ပြန်တိုက်တွန်းလိုက်သည်။ (RFA 120212) Read More...
- ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် ကျရောက်သည့် ဗိုလ်ချုပ်အောင်ဆန်း၏ ၉၇ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်ပွဲများကို ရန်ကုန်၊ မန္တလေး မြို့ကြီးများအပါအဝင် နိုင်ငံတဝှမ်း နယ်မြို့များတွင်လည်း လွတ်လပ်စွာကျင်းပခွင့်ရရှိကြောင်းနှင့် ရန်ကုန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ရုံးချုပ်တွင် မြို့နယ် တမြို့နယ်မှ ကလေး ၅ ဦးစီ ဖိတ်ခေါ်ပြီး ပန်းချီနှင့် ကဗျာပြိုင်ပွဲများ ပြုလုပ်ခဲ့သည်ဟု အဖွဲ့ချုပ်ဗဟိုကော်မတီဝင် ဦးဝင်းထိန်က ပြောသည်။ (DVB 130212) Read More...
- အလုပ်အကိုင်ရှားပါးနေသည့် ကော့မှူးမြို့နယ်တွင်းရှိ ပြည်သူများအတွက် အလုပ်အကိုင်ရရှိရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ဖေဖော်ဝါရီ ၁၁ ရက်နေ့ မဲဆွယ်စည်းရုံး ရေးခရီးစဉ်အတွင်း ကတိပေးပြောဆိုလိုက်သည်။ (Mizzima 130212) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ ရန်ကုန်တိုင်း လှည်းကူးမြို့ရှိ ဘောလုံးကွင်း၌ ဖေဖော်ဂါရီ ၁၅ ရက်နေ့တွင် ပြုလုပ်ရန်ရှိသည့် ဟောပြောပွဲကို အားကစားဝန်ကြီး ဦးတင့်ဆန်က တားမြစ်ထားသော်လည်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ခွင့်ပြုပေးလိုက်ကြောင်း ဦးဖြိုးမင်းသိန်းက ပြောသည်။ (Mizzima 140212) Read More...
- ဂျာမနီနိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီး Mr. Dirk Niebel နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဖေဖော်ဂါရီ ၁၄ ရက်နေ့က တွေ့ဆုံခဲ့ပြီးနောက် ကျင်းပပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က လာမည့်ကြားဖြတ်ရွေးကောက်ပွဲသည် သန့်ရှင်းလွတ်လပ်၍ တရားမျှတပါက ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသောစီးပွားရေးပိတ်ဆို့မှုများရုပ်သိမ်းရန်စတင်စဉ်းစားနိုင်ကြောင်း ပြောဆိုလိုက်သည်။ (Irrawaddy 140212) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို တရုတ်ကုမ္ပဏီများက စီးပွားရေးဈေးကွက်တစ်ခုအဖြစ်သာ မကြည့်မြင်သင့်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က တရုတ်နိုင်ငံကွမ်တုံပြည်နယ်အခြေစိုက် Southern People Weekly ခေါ် ဒက်ခ်ိုဏ လူထုမဂ္ဂဇင်းနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားလိုက်သည်။ (RFA 140212) Read More…
- ဖေဖော်ဂါရီ ၁၅ ရက်နေ့က လှည်းကူးမြို့နယ် ဘောလုံးကွင်းတွင် NLD ပါတီအတွက် မဲဆွယ်စည်းရုံးမှု ပြုလုပ်စဉ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က တပ်မတော်သည် ပြည်သူလူထုနှင့် ပိုမိုနီးစပ်ရန်လိုအပ်ကြောင်း၊ တပ်မတော်နှင့် ပြည်သူလက်တွဲပြီး ဒီမိုကရေစီရရှိရန် ဆောင်ရွက်သွားလိုကြောင်း ပြောဆိုလိုက်သည်။ (Irrawaddy 150212) Read More…
- ဖေဖော်ဂါရီ ၁၅ ရက်နေ့က မရမ်းကုန်းမြို့နယ် ပါတီစည်းရုံးရေး ဟောပြောပွဲအတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ၏ အလုပ်လက်မဲ့ပြဿနာကိုဖြေရှင်းရန် ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းများ၏ အကူအညီရယူ၍ ဆောင်ရွက်ရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း ပြောဆိုလိုက်သည်။ (Mizzima 150212) Read More…, RFA…, VOA…
- တပ်မတော်မှ အာဏာလွှဲပြောင်းယူနိုင်သည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်သည် မရှိသင့်၍ ပြင်ဆင်ရမည်ဖြစ် ကြောင်း မကြာသေးမီကအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသည့် ဗိုလ်ကြီးဟောင်းနေမျိုးဇင်က ပြောကြားလိုက်သည်။ (Irrawaddy 160212) Read More…
- NLD ၏ ပါတီ မှတ်ပုံတင် လျှောက်ထားချက်ကို ဇန်နဂါရီ ၅ ရက်နေ့တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က လက်ခံလိုက်ပြီးနောက် ပါတီဝင်လျှောက်လွှာ စတင်ရောင်းချသည့်နေ့မှ ၃၅ ရက်အတွင်း လျှောက်လွှာစောင်ရေ ၅ သိန်းကျော် ရောင်းထားပြီးဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်ကပြောသည်။ (Irrawaddy 160212) Read More…
- လာမည့်ကြားဖြတ်ရွေးကောက်ပွဲအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်စားလှယ်လောင်းအမည်စာရင်း အတည်ပြုချက်မထွက်လာခြင်းသည် ကန့်ကွက်သူဖက်မှ ၎င်း၏ ကန့်ကွက်လွှာကို တိုင်းဒေသကြီးကော်မရှင်ရုံးထံ အယူခံဝင်ထားခြင်းကြောင့်ဖြစ်ကြောင်း အဖွဲ့ချုပ်အတွင်းရေးမှူးအဖွဲ့ဝင် ဦးဉာဏ်ဝင်းကပြောသည်။ (VOA 160212) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ ဧရာဝတီတိုင်း ဖျာပုံမြို့နယ်စည်းရုံးရေးခရီးစဉ်အတွင်း လမ်းတလျှောက်တွင် ကြိုဆိုသူ အများအပြားရှိခဲ့ကြောင်း၊ လုံခြုံရေးအဖြစ် လိုက်ပါလာသည့်ကားတန်းကို မြို့နယ်စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့က မှတ်တမ်းယူမှုများ ပြုလုပ်ခဲ့ကြောင်း ဘိုကလေးမြို့နယ်အဖွဲ့ချုပ်ဝင် ဦးအောင်မြင့်ကပြောသည်။ (BBC 170212) Read More…
- မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးကဏ္ဍတိုးတက်ရေးသည် အန်မတန်အရေးတကြီးလိုအပ်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဖေဖော်ဝါရီ ၁၇ ရက်နေ့ ဧရာဝတီတိုင်း၊ ဖျာပုံမြို့ခရီးစဉ်အတွင်း ပြည်သူလူထုအား ပြောကြားလိုက်သည်။ (VOA 170212) Read More…, RFA…, Mizzima…
- ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ လာမည့်ကြားဖြတ်ရွေးကောက်ပွဲအတွက် ထုတ်ပြန်လိုက်သည့် နိုင်ငံရေးပါတီများ၏ ရေဒီယိုနှင့်ရုပ်မြင်သံကြားတို့မှ ဟောပြောတင်ပြခွင့်နှင့်ပတ်သက်သည့် ကန့်သတ်ချက်များသည် ဒီမိုကရေစီရေးကြိုးပမ်းမှုများနှင့် ဆန့်ကျင်ဘက် ဖြစ်နေသောကြောင့် လက်ခံနိုင်စရာမရှိကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှ ဂါရင့် သတင်းစာဆရာကြီး ဦးဝင်းတင်က ပြောဆိုလိုက်သည်။ (VOA 170212) Read More…, Irrawaddy…
- လာမည့်ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီ အမျိုးသားဒီမိုကရေစီအဖွဲ Yချုပ် NLD က ဝင်ရောက်အရွေးချယ်ခံမည့် တစ်နိုင်ငံလုံးရှိ လစ်လပ်မဲဆန္ဒနယ် ၄၈ နေရာသို့ မဲဆွယ်စည်းရုံးရေးအတွက် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် မသွားရောက်နိုင်သော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့တော်များကိုမူ အနည်းဆုံးတစ်ခေါက်စီသွားရောက်ရန် စီစဉ်ထားကြောင်း ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။ (Myanmar Times Vol.28, No.557 17-230212) Read More…
- မတ်လအတွင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ လားရှိုးခရီးစဉ်နောက်ပိုင်းမှသာ အခြားမြို့နယ်သို့ စည်းရုံးရေးခရီးဆင်းမည်ဖြစ်ကြောင်း လားရှိုးမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီ၏ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းဝင်ပြိုင်မည့် စိုင်းမြင့်မောင်ကပြောသည်။ (S.H.A.N 170212) Read More…
- ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို သိက္ခာချဆန့်ကျင်ရေးသားထားသည့် စာတစောင်ကို အမရပူရမြို့နယ်က အဖွဲ့ချုပ်ကိုယ်စားလှယ်လောင်း ဒေါက်တာဇော်မြင့်မောင်၏ နေအိမ်ဝင်ပေါက် ရှေ့တည့်တည့်တွင် ဖေဖေါ်ဝါရီ ၁၈ ရက်နေ့က လာရောက်ချထားခဲ့သည်ဟု ဇနီးဖြစ်သူ ဒေါက်တာယုယုကပြောသည်။ (RFA 180212) Read More…

## NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန

### (ခ) အခြားတက်ကြွလှုပ်ရှားသများ

- မျိုးဆက်သစ်လူငယ်များအစည်းအရုံး GW၊ အကောင်းဆုံးမြေသြဇာနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်တို့က "ကျည်ဆံများအစား၊ ပန်းများပွင့်စေ၊ ငါတို့ချစ်တဲ့ မြန်မာပြည်" ဆိုသည့် ကြွေညာချက်ကို (၆၅) နှစ်မြောက် ပြည်ထောင်စုနေ့တွင် ပူပေါင်းထုတ်ပြန်လိုက်သည်။ (BBC 120212) Read More...
- လာမယ့်ကြားဖြတ်ရွေးကောက်ပွဲတွင် လွတ်လပ်၍ တရားမျှတမှုရှိရန်အတွက် နိုင်ငံတကာလေ့လာစောင့်ကြည့်သူများကို ခွင့်ပြုပေးရန် ရန်ကုန်အခြေစိုက် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့က ဖေဖေါ်ဝါရီ ၁၂ ရက်နေ့တွင် တိုက်တွန်းလိုက်ကြောင်း အဖွဲ့ပြောခွင့်ရ ပုဂ္ဂိုလ်ကိုဆန်နီက ပြောသည်။ (RFA 120212) Read More...
- မန္တလေးမြို့ ဘာသာပေါင်းစုံ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဆုတောင်းပွဲကို ဖေဖေါ်ဝါရီ ၁၂ ရက်နေ့က မန္တလေးဈေးချိုဟိုတယ် မင်္ဂလာခန်းမတွင် ကျင်းပရန်စရံငွေပေးပြီးနောက် မန္တလေးမြို့တော်ဝန်၏ ပြောဆိုမှုကြောင့် ပွဲပျက်သွားကာလမ်းဘေးတွင် အကျဉ်းရုံး ကျင်းပခဲ့သည်ဟု ပွဲစီစဉ်သူ မြန်မာမူဆလင်အသင်းမှ ကိုမောင်မောင်က ပြောသည်။ (RFA 130212) Read More...
- နိုင်ငံရေးစနစ်တစ်ခုမှ စနစ်တစ်ခုသို့ အသွင်ကူးပြောင်းရာတွင် ယဉ်ကျေးသော လူ့ဘောင်အဖွဲ့အစည်းနှင့် မွန်မြတ်သောလူသားဝါဒကို အကောင်အထည်မဖော်ပေးနိုင်ပါက ဒီမိုကရေစီစနစ်ပေါ်ပေါက်လာနိုင်မည်မဟုတ်ကြောင်း မြန်မာပြည်လုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်အစည်းအရုံး (မကတ) ဥက္ကဌ ဦးရဲထွဋ်အောင်က ၎င်းတို့အစည်းအရုံး စတင်ဖွဲ့စည်းခြင်းနှင့် သတင်းစာရှင်းလင်းပွဲ အခမ်းအနားတွင်ပြောဆိုလိုက်သည်။ (Myit Makha 130212) Read More...

### တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- တြိဂံတိုင်း စစ်ဌာနချုပ်မှ စစ်ဦးစီးပထမတန်း (G-1) ဒု-ဗိုလ်မှူးကြီး ခင်မောင်ထွေးနှင့် ရှမ်းပြည်တပ်မတော် (SSA) တောင်ပိုင်းမှ ဗိုလ်မှူးကြီး အောင်မောင်းတို့သည်အပစ်အခတ် ရပ်စဲရေးသဘောတူထားသော်လည်း နှစ်ဘက်တပ်များတိုက်ပွဲပြန်လည်ဖြစ်ပွားမှုနှင့် ပတ်သက်၍ ဖေဖော်ဝါရီလ ၈ ရက်နေ့က တွေ့ဆုံဆွေးနွေးခဲ့ကာ စစ်ရေးပဋိပက္ခဖြစ်ပွားသည့်ဒေသများ၌ လှုပ်ရှားနေသော အစိုးရ တပ်များ နယ်မြေရှင်းလင်းရေးမပြုလုပ်ရန် သဘောတူညီခဲ့ကြကြောင်း သျှမ်းသံတော်ဆင့်အယ်ဒီတာ ဦးခွန်စိုင်းကပြောသည်။ (Irrawaddy 130212) Read More...
- ကရင်အမျိုးသားအစည်းအရုံး KNU ဗဟိုကော်မတီ ခေါင်းဆောင် ပဒိုမန်းငြိမ်းမောင်အား ပြစ်မှုကြီးများဖြင့် စွဲချက်တင်ထားရာတွင် လွတ်ငြိမ်းချမ်းသာခွင့်ကို မမျှော်ကိုးပဲ တရားဥပဒေအရသာ အကာအကွယ်ယူ ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်ကြောင်း အမှုကိုလိုက်ပါ ဆောင်ရွက်ပေးနေသူ ရှေ့နေဦးကြီးမြင့်ကပြောသည်။ (KIC 140212) Read More...
- မြန်မာအစိုးရနှင့် အပစ်ခတ်ရပ်ဆိုင်းရေး ပဏာမသဘောတူညီမှု လက်မှတ်ရေးထိုးပြီးနောက် ၄၅ ရက်အတွင်း KNU ထိန်းချုပ် နယ်မြေများဖြစ်သည့် တပ်မဟာ ၁၊ ၂၊ ၃၊ ၄၊ ၅ နှင့် ၆ တို့တွင် မြန်မာအစိုးရစစ်တပ်ဘက်မှ ပြန်လည်ဆုတ်ခွာမှုမရှိခဲ့သည့်အပြင် တပ်အင်အားနှင့် တပ်ရိက္ခာများတိုးချဲ့လာနေသောကြောင့် ထပ်မံတွေ့ဆုံရန် သတ်မှတ်ထားသော်လည်း ယင်းသတ်မှတ်ချိန်အတွင်း တွေ့ဆုံနိုင်ခြင်း ရှိမရှိမသေချာသေးကြောင်း ကရင်အမျိုးသားအစည်းအရုံး KNU အထွေထွေအတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန်က ပြောသည်။ (KIC 150212) Read More...
- နိုင်ငံတော် ပုန်ကန်မှုအပါအဝင် ပြစ်မှုကြီးများဖြင့် တရားစွဲဆိုခံနေရသည့် ကရင်အမျိုးသားအစည်းအရုံး KNU ဗဟိုကော်မတီဝင် ပဒိုမန်းငြိမ်းမောင်အမှုအတွက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် မီးရထားဝန်ကြီး ဦးအောင်မင်းကို သက်သေအဖြစ် ခေါ်ဆိုပေးရန် ပဒိုမန်းငြိမ်းမောင်၏ ရှေ့နေ ဦးကြီးမြင့်က တရားရုံးသို့ ဖေဖော်ဂါရီ ၁၆ ရက်နေ့က လျှောက်ထားလိုက်သည်။ (Mizzima 160212) Read More..., RFA..., DVB...
- စစ်ဝတ်စုံချွတ် ဗမာခေါင်းဆောင်များကို ယုံကြည်၍ အပစ်ရပ်ရခြင်းမဟုတ်ဘဲ မိမိတို့ခေါင်းဆောင်ကို ယုံကြည်၍သာ အပစ်ရပ်ရန် သဘောတူခြင်းဖြစ်ကြောင်း ၅၃ နှစ်ကြာ အမျိုးသားရေးတာဝန်ထမ်းဆောင်လာခဲ့သည့် RCSS/SSA အတိုင်ပင်ခံပုဂ္ဂိုလ် စဝ်ပိုင်းမိဂ်ဏ်းက ပြောသည်။ (S.H.A.N 160212) Read More...
- ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန်ထောင်တွင်းရှိ အထူးတရားရုံး၌ ဖေဖော်ဂါရီ ၁၆ ရက်နေ့က ရုံးထုတ်စစ်ဆေးခံခဲ့ရာ ကရင်အမျိုးသား အစည်းအရုံး KNU ခေါင်းဆောင် ပဒိုမန်းငြိမ်းမောင်က အစိုးရအာဏာပိုင်များမှ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ပေးထားသောကတိ ကိုဖျက်၍ ၎င်းအားတရားစွဲဆိုခဲ့ကြောင်း ပြောဆိုလိုက်သည်ဟု ၎င်း၏ ရှေ့နေ ဦးကြီးမြင့်ကပြောသည်။ (Irrawaddy 170212) Read More...
- ကရင်အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာများတွင် ကရင်လူမှုအသိုင်းအဝိုင်းတွင်းရှိ ဘာသာပေါင်းစုံမှ ဆရာတော်၊ သံဃာတော်များ ပါဝင်ဆောင်ရွက်သွားရန် ဆွေးနွေးသည့် ဘာသာရေးနီးနှောဖလှယ်ပွဲတစ်ခုကို ထိုင်း-မြန်မာနယ် စပ်တစ်နေရာ၌

ဖေဖော်ဝါရီလ ၁၅ ရက်မှ ၁၇ရက်နေ့အထိ ကျင်းပပြီးစီးခဲ့ကြောင်း KNU တွဲဖက်အတွင်းရေးမှူး (၁) ဗိုလ်မှူးစောလှငွေက ပြောသည်။ (KIC 180212) Read More…

- အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးကိစ္စဆွေးနွေးရန် မွန်ပြည်သစ်ပါတီ NMSP က အရေးပေါ် ဗဟိုကော်မတီအစည်းအဝေးကို ဖေဖေါ်ဝါရီ ၁၈ ရက်နေ့တွင် စတင်ခေါ်ယူခဲ့သည်ဟု NMSP အထွေထွေအတွင်းရေးမှူး နိုင်ဟံသာက ပြောသည်။ (BBC 180212) Read More…

## အတိုက်အခံအင်အားစုများ (ပြည်ပ)

- အစိုးရငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များအကြား ငြိမ်းချမ်းရေးဆွေးနွေးနေမှုများ၏ ရလဒ်သည် စစ်မှန်သည့် ငြိမ်းချမ်းရေးဖြစ်ပေါ်မလာမည်ကို စိုးရိမ်မိကြောင်း အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) WLB က ကြေညာချက်ထုတ်ပြန်လိုက်သည်။ (Mizzima 140212) Read More…, KIC…
- ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဖေဖေါ်ဝါရီ ၁၂ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော ၆၅ နှစ်မြောက် ပြည်ထောင်စုနေ့တွင် ဆုံးဖြတ်ချက် (၃) ရပ်ကိုချမှတ်ခဲ့ပြီး အဆိုပါဆုံးဖြတ်ချက် (၃) ရပ်မှာ (၁) ကချင်ပြည်နယ်တွင် ဦးသိန်းစိန်အစိုးရမှ ထိုးစစ်ဆင်မှုကို ချက်ချင်းရပ်တန့်ပေးရန်။ (၂) ဒုတိယပင်လုံ ညီလာခံကိုခေါ်ယူပြီး အနာဂတ်ပြည်ထောင်စု ထူထောင်ရန် (၃) တိုင်းရင်းသားများ တန်းတူအခွင့်အရေးရှိပြီး၊ ကိုယ့်ကံကြမ္မာကို ကိုယ်ဖန်တီးခွင့်ရှိသော ဖယ်ဒရယ်ပြည်ထောင်စုကို ဖွဲ့စည်းရန်ဖြစ်ကြောင်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ပြည်ပ-ဂျပန်)မှ အထွေထွေအတွင်းရေးမှူး ကိုကျော်သန်းသန်းလှိုင်က ပြောသည်။ (Narinjara 150212) Read More…

## နိုင်ငံတကာ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာ Vijay Nambiar က မြန်မာနိုင်ငံတွင် ဆင်းရဲမွဲတေမှု လျှော့ချနိုင်ရေး လိုအပ်ချက်များဖြစ်သည့် အလုပ်အကိုင်အခွင့်အလမ်းပေါ်များလာရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု အားကောင်းလာစေရန် လိုအပ်ကြောင်း ဖေဖော်ဝါရီ ၁၃ ရက်နေ့က ကျင်းပသည့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နည်းလမ်းများ နီးနှောဖလှယ်ပွဲညီလာခံ၌ ပြောကြားလိုက်သည်။ (RFA 130211) Read More…
- ကြားဖြတ်ရွေးကောက်ပွဲ၏ လွတ်လပ်မျှတမှုနှင့် ရလဒ်ကိုကြည့်၍ မြန်မာနိုင်ငံအတွက် ပြုပြင်ပြောင်းလဲမှုများပိုမိုတိုးမြင့် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရောက် ဥရောပသမဂ္ဂ EU ဖွံ့ဖြိုးမှုဆိုင်ရာ ကော်မရှင်နာမင်းကြီး Mrs. Andris Piebalgs က ပြောဆိုလိုက်သည်။ (RFA 130212) Read More…, VOA…
- ဥရောပသမဂ္ဂ EU အနေဖြင့် မြန်မာနိုင်ငံအား အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကူညီသွားမည်ဟု မြန်မာနိုင်ငံရောက် EU ၏ ဖွံ့ဖြိုးမှုဆိုင်ရာ ကော်မရှင်နာမင်းကြီး Mrs. Andris Piebalgs က သမ္မတ ဦးသိန်းစိန်နှင့် ဖေဖေါ်ဝါရီ ၁၃ ရက်နေ့က တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။ (BBC 130212) Read More…
- ပဋိပက္ခတွေဖြစ်နေသည့် တိုင်းရင်းသားဒေသများတွင် စစ်ဘေးဒဏ်ခံနေရသည့် ဒေသခံများထံ အကူအညီများ ထိထိရောက်ရောက် ပေးပို့နိုင်ရန် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အထူးအကြံပေးပုဂ္ဂိုလ် Mr.Vijay Nambia က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ်တိုက်တွန်းပြောကြားလိုက်သည်။ (VOA 140212) Read More…
- မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးအကြံပေးပုဂ္ဂိုလ် Vijay Nambia က ဖေဖေါ်ဝါရီ ၁၅ ရက်နေ့တွင် ကရင်ပြည်နယ်မှ အစိုးရတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု အခြေအနေ၊ ဒုက္ခသည်များအရေး ဆွေးနွေးခဲ့ကြသည်ဟု ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းက ပြောသည်။ (VOA 150212) Read More…
- မြန်မာနိုင်ငံတွင်း စစ်မှန်သည့် တွေ့ဆုံမှုများရှိမှသာ တိုင်းရင်းသားများအကြား သွေးစည်းခိုင်မာမှုများ ပိုမိုရရှိလာဖြစ်ကြောင်း၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရွေးကောက်ပွဲဝင်ပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေးအခြေအနေများသည် ပိုမိုကောင်းမွန်လာမည်ဟုမျှော်လင့်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အထူးအကြံပေး မစ္စတာ Vijay Nambia က ပြောဆိုလိုက်သည်။ (VOA 160212) Read More…
- မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်နေသည့်အတွက်ကြောင့် ဥရောပသမဂ္ဂလ EU မှ အရေးယူ ပိတ်ဆို့ဒဏ်ခတ်ထားမှု အချို့ဖြစ်သော သမ္မတ၊ ဒုတိယ သမ္မတများ၊ လွှတ်တော်အမတ်များနှင့် ၄င်းတို့၏ မိသားစုဝင် ၈၇ ယောက်အပေါ် ပြည်ဝင်ခွင့်ပိတ်ပင် တားဆီးထားမှုကို ဖေဖေါ်ဝါရီ ၁၇ ရက်နေ့က ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း EU က ကြေညာချက်ထုတ်ပြန်လိုက်သည်။ (VOA 170212) Read More…, RFA…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အထူးအကြံပေး ဗီဂျေး နမ်ဘီးယားက သူ၏ ငါးရက်တာ မြန်မာနိုင်ငံခရီးစဉ်အတွင်း အစိုးရခေါင်းဆောင်များ အပါအဝင် တွေ့ဆုံဆွေးနွေးမှုများစွာပြုလုပ်ခဲ့ရာတွင် အဓိကအားဖြင့် ကြားဖြတ်ရွေးကောက်ပွဲ၊ ငြိမ်းချမ်းရေးဆွေးနွေးမှုနှင့် စီးပွားရေးပေါ်လစီကိစ္စများမှာ ပြုပြင်ပြောင်းလဲရေးအတွက် ပြည်တွင်း/ပြည်ပသဘောထား အမြင်သဘောထားများ စည်သည့်အချက် (၃)ချက်တွေ့ရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၁၇ ရက်နေ့က ထုတ်ပြန်ပြောဆိုသည်။ (Mizzima 170212) Read More…

## (ခ) အစိုးရ

- မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုသည် မြန်မာအတွက်ရော အာဆီယံအတွက်ပါ အကျိုးမရှိသည့်အတွက် ရုပ်သိမ်းပေးရန် စင်္ကာပူနိုင်ငံခြားရေးဝန်ကြီး ရှမ်မူဂမ်းက ဖေဖေါ်ဝါရီ ၁၃ ရက်နေ့က ကျင်းပသော စင်္ကာပူလွှတ်တော်အစည်းအဝေးတွင် ပြောကြားလိုက်သည်။ (RFA 140212) Read More…
- ဂျာမန်အစိုးရ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ကြီး မစ္စတာ Dirk Niebel က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ဖေဖေါ်ဝါရီ ၁၄ ရက်နေ့ တွေ့ဆုံမှုတွင် လာမည့်ကြားဖြတ်ရွေးကောက်ပွဲအပေါ် ဥရောပသမဂ္ဂ EU နိုင်ငံများ၏ မူဝါဒနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်ဟု Mr. Niebel က သတင်းထောက်များအား ပြောဆိုလိုက်သည်။ (RFA 140212) Read More…, VOA…
- မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို ထောက်ခံအားပေးသွားမည်ဟု ထိုင်းဝန်ကြီးချုပ်ဟောင်း Abhisit Vejjajiva က မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဖေဖေါ်ဝါရီ ၁၈ ရက်နေ့ တွေ့ဆုံဆွေးနွေးမှုအပြီးတွင် ပြောဆိုလိုက်သည်။ (VOA 180212) Read More…, RFA…

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာအစိုးရ၏ ဒုတိယအကြိမ် ဖိတ်ကြားမှုဖြင့် စီးပွားရေးအကြံပေးရန် မြန်မာနိုင်ငံကို ရောက်ရှိလာသည့် အမေရိကန်ပြည်ထောင်စု၊ ကိုလံဘီယာတက္ကသိုလ်မှ နိုဘယ်လ်ဆုရ စီးပွားရေးပညာရှင် ဂျိုးဇက်စတစ်ဂလစ်က မြန်မာနိုင်သည် ယခင်နှင့်မတူ အထင်ကြီးလောက်စရာ တိုးတက်မှု အခြေအနေများ တွေ့ခဲ့ရသည်ဟု ပြောဆိုလိုက်သည်။ (DVB 150212) Read More…
- မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးများကို အားပေးကူညီရန် ပြန်လည်ထိတွေ့ ဆက်ဆံရန်ရှိပြီး မကြာခင်ထောက်ပံ့ကူညီမှုများကို ပြန်လည်ပေးအပ်တော့မည်ဟု ကမ္ဘာ့ဘဏ် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒု ဥက္ကဋ္ဌ Mrs. Pamela Cox က ဖေဖေါ်ဝါရီ ၁၆ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (RFA 160212) Read More…

---

***End of report/ Saturday, February 18, 2012***
**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**
***Documentation and Research Department (NDD)***

---